CVOEO Fair Housing Project

# Guide to Fair Housing in Vermont

# ဘာ့မောက်ပြည်နယ်ရှိ နေစရာအိမ်များကို လူတိုင်း တန်းတူညီမျှစွာ ရရှိနိုင်ရန် လမ်းညွှန်



*Burmese*

## တန်းတူညီမျှစွာ နေစရာအိမ်ရရှိရေး ဆိုတာ ဘာလဲ

တန်းတူညီမျှစွာ နေစရာအိမ်ရရှိရေး ဆိုသည်မှာ နေစရာအိမ် ရရှိရေး အခွင့်အလမ်းများကို ခွဲခြားမှုမရှိ၊ တန်းတူညီမျှစွာ အခွင့်အရေး ရရှိခြင်းကို ဆိုလိုသည်

တန်းတူညီမျှစွာ နေစရာအိမ်ရရှိရေး ဆိုသည်မှာ သင့်၏လွပ်လပ်စွာ အိမ်ငှားပိုင်ခွင့်၊ သင်၏လွပ်လပ်စွာ အိမ်ဝယ်ပိုင်ခွင့်ကို တရားမဝင် ခွဲခြားပြုလုပ်၊ ဆက်ဆံမှုမှ လွတ်ကင်းခြင်းကို ဆိုလိုသည်

## ဘယ်အရာတွေကတားမြစ် ပိတ်ပင်ထားလဲ

အောက်ပါ လုပ်ရပ်များသည် လူသားတစ်ဦးခြင်းစီအတွက် ကာကွယ်၊စောင့်ရှောက် ထားသည့် အမျိုးစားများ၌ အဖွဲ့ ဝင်ဖြစ်မှုကြောင့် ဖိနှိပ်၊ ခွဲခြားပြုလုပ် ဆက်ဆံခံရ ပါက အိမ်နေရာချထားရေး နှင့်ပတ်သက်ပြီး တရားမဝင် ခွဲခြားပြုလုပ်၊ ဆက်ဆံခြင်းခံရသည် ဟုထင်မြင်၊ သတ်မှတ်သည်

အိမ်ငှားရန် (သို့ မဟုတ်) ရောင်းရန်ငြင်းဆိုခြင်း။ ငှားအိမ်အဖြစ် (သို့ မဟုတ်) ရောင်းအိမ်အဖြစ် ပြုလုပ်ရန်ငြင်းဆိုခြင်း။ အိမ်ငှားနေထိုင်နိုင်ရန် မအားလပ်အောင်၊ မရနိုင်အောင်ပြုလုပ်ခြင်း
(သို့ မဟုတ်) အိမ်လုံးဝငှားမရအောင်ပယ်ချခြင်း

ကွဲပြားသော၊ မတူသော အကူအညီပေးခြင်း ခံရခြင်း

ခွဲခြားဆက်ဆံခြင်း (သို့ မဟုတ်) အရှက်ရ၊ အနှောက်အရှက်ရသည့် ဘဝသို့ ရောက်အောင် ပြုလုပ်ခြင်း

အဆောက်အအုံတစ်ခုငှားရန် ရနိုင်ပါရဲ့နဲ့ ငှားရန် မရနိုင်ဘူး၊ မအားလပ်ဘူးဟု ပြောခြင်း

ပို၍နှစ်သက်ခြင်း၊ အကန့်အသန့်ထားခြင်း (သို့ မဟုတ်) ခွဲခြားဆက်ဆံခြင်းကို ဦးတည်၍ သိပေးခြင်းဖြစ်သော်လည်းကောင်း၊ သဝန်လွှာဖြစ်သော်လည်းကောင်း၊ ကြော်ညာခြင်းဖြစ်သော်လည်းကောင်း ထုတ်ဝေ၊ ဖြန့် ချီခြင်း

အိမ်နေရာချထားရေး အလုပ်သမားများနှင့် ပေါင်း၍ သော်လည်းကောင်း၊ တစ်ဦးတစ်ယောက်တည်းသော်လည်းကောင်း ဖိနှိပ် ခွဲခြား ဆက်ဆံရန် အမှုတစ်ခု စွဲတင်နိုင်ရန် (သို့မဟုတ်)စွဲတင်ခြင်းကို (သို့မဟုတ်) ကူညီခြင်းကို ဆန္ဒမပါပဲ၊ အတင်း ပြုလုပ်ခြင်း၊ မရမက အတင်း အနှောင့်အယှက်ပေး၍ပြုလုပ်ခြင်း၊ ခြိမ်းခြောက်၍ပြုလုပ်ခြင်း၊ မကောင်းကြံ အချိုးသတ်၍ပြုလုပ်ခြင်း



## ကာကွယ်၊စောင့်ရှောက် ထားသည့် အမျိုးစားများ

ဖယ်ဒရယ် အစိုးရ

လူမျိုး

အသား အရောင်

ဘာသာရေး

နိုင်ငံသား

လိင်

မိသားစု အမျိုးအစား

ဦးနှောက်ပိုင်း၊ခန္ဓာကိုယ်ပိုင်း၊ညဏ်ရည်ပိုင်းဆိုင်ရာ မသန်စွမ်းမှု

ဘာ့မောက်ပြည်နယ်

အသက်အရွယ်

လိင်အမျိုးမျိုး

အိမ်ထောင်ရေး အမျိုးအစား

အစိုးရ အကူအညီရရှိမှု


ကျား၊ မ အိုင်ဒန်းတတီ

## အစိုးရအကူအညီ

“အစိုးရ အကူအညီ” ဆိုသည်မှာ ဖယ်ဒရယ်အစိုးရ၊ ပြည်နယ်အစိုးရ (သို့မဟုတ်) ဒေသနထရအစိုးရမှ ပေးသော အကူအညီအားလုံး ပါဝင□ သည့်အပြင် ကျန်းမာရေးနှင့် အိမ်နေရာချထားရေး အကူအညီများ အားလုံး --စက်ရှင်အိတ်မှပေးသော ဘေ□ ဂက်ချာများအားလုံး---ပါဝင်သည်။

*ဖိနှိပ်၊ ခွဲခြားဆက်ဆံခြင်းကို နားထဲတွေးကြည့် ကြားရောင် □ ကည့်မည်ဆိုလျှင်-----*

“ငါ့အနေနှင့် အိမ်လခကို အိမ်ငှားစာချုပ်တွင် လက်မှတ်ထိုးထားသည့်လူမှအပ ဘယ်သူပေး၍မှလက်မခံဘူး”
“စက်ရှင်အိတ်ကို ငါတို့လက်မခံဘူး”
“ဒီကိုလာတဲ့ လူတွေအကုန်လုံးဟာ ပညာနှင့် ရပ်တည်တဲ့လူတွေဘဲရှိတယ်။ အစိုးရမှာ တင်တေ□ ဂင်းစားတဲ့လူတွေမရှိဘူး”



အလုပ်နှင့် တရားဝင် သက်ဆိုင်မှုရှိနေ၍ မေးမြန်းမှ ရမည်ဆိုသည့် အလုပ်သဘောနှင့်သာ အိမ်ရှင်မှ အိမ်ငှားသူများအား သူတို့၏ အင□ ကာင်း နှင့် သူတို့ကို ထောက်ခံပေးနိုင်သော လူတွေအကြောင်းကို မေးမြန်းခွင့် ရှိသည်။ ဖိနှိပ်၊ခွဲခြား ဆက်ဆံ ရန်အတွက် သွေးဆောင်၊ ဖြားယောင်း မေးမြန်း အသုံးမပြုရ။



## မိသားစုဝင် အမျိုးအစား ဖိနှိပ်ခွဲခြားဆက်ဆံမှု

မိသားစုဝင် အမျိုးအစား ထဲတွင် ခလေးများပါသောမိသားစု (၁၈နှစ်အောက်)၊ ကိုယ်ဝန်ဆောင်မိခင်များရှိသောမိသားစုများ နှင့် ခလေးမွေးစားရန် ရှိသော မိသားစုများ အားလုံးပါဝင်သည်

*ဖိနှိပ်၊ ခွဲခြားဆက်ဆံခြင်းကို နားထဲတွေးကြည့် ကြားရောင် □ ကည့်မည်ဆိုလျှင်-----*

“ဒီအခန်းဟာ ခလေးတွေအတွက် အနထရာယ် ရှိတယ်။ ဘာလို့လဲဆိုတော့ (ခဲပါသောဆေးသုတ်ထားလို့၊ လှေခါးထစ်တွေစောက်လို့၊ စသည်ဖြင့်-)”
“ခလေးတစ်ယောက်ခြင်းစီအတွက် ဒေါ်လာ ၁၀၀ စီထပ□ ပြီးစရံပေးရမယ်”
“ခလေးတွေလက်မခံဘူး”

## <u>နေထိုင်ခွင့်လူ အရေအတွက်</u>

ယေဘူယအားဖြင့် ပြောရလျှင် မီးဘေးစည်းမျင်း၊ စည်းကမ်းနှင့် ညီနေသ၍ တစ်ခန်းတွင် နှစ်ယောက် နေထိုင်လို့ရသည်။ ဘားလင်းထန်မြို့တွင် <u>အိမ်နှင့် နေထိုင်ခွင့်လူ အရေအတွက်</u> စည်းမျင်း၊ စည်းကမ်းရှိသည်။ စည်းမျင်း၊ စည်းကမ်းများကို သိချင်ပါက ဘားလင်းထန် စည်းမျင်း၊ စည်းကမ်း ကြီးကြပ်ရေးဌာနသို့ (သို့မဟုတ်) တရားမျှတစွာ နေစရာအိမ် ရရှိရေး ပရောဂျက် ကိုဆက်သွယ်ပါ။



ဒီလက်ကိုင် စာအုပ်ဟာ CVOEO တန်းတူညီမျှစွာ နေစရာအိမ်ရရှိရေး ပရောဂျက်မှ အမေရိကန် အစိုးရ၏ အိမ်နှင် မြို့ပြဖွံ့ ဖြိုးရေး ဌနမှ ဘဏ္ဍာငွေနှင့် ပြုစု ဖန်တီးထားသည်။

FHP ဟာ ၁၉၉၅မှ စ၍ တန်းတူညီမျှစွာ နေစရာအိမ်ရရှိရေး ပရောဂျက် ပညာပေးအစီအစဉ်များမှ တဆင့် ဘာ့မောက်ပြည်နယ်၌ နေစရာအိမ်နှင့် ပတ်သက်ပြီး ဖိနှိပ်ခွဲခြားခြင်းကို အဆုံးသတ်ရန် ကြိုးစား လုပ်ဆောင်ခဲ့သည်မှာ ကြာပြီဖြစ်သည်။

**CVOEO တန်းတူညီမျှစွာ နေစရာအိမ်ရရှိရေး ပရောဂျက်မှ**
**၂၉၄ မြောက် ဝိန္နးစကီ လမ်း**
**ဘားလင်းထန်၊ ဘာ့မောက် ၀၅၄၀၁**
**၈၀၂ ၈၆၄ ၃၃၃၄– ၂၀၂ (သို့မဟုတ်)**
**၁–၈၀၀–၂၈၇–၇၉၇၁**

CVOEO Fair Housing Project
255 S. Champlain St.
Burlington, VT 05401
www.cvoeo.org

**www.cvoeo.org**

EQUAL HOUSING OPPORTUNITY

FHP
CVOEO Fair Housing Project